## အပ္ပမာဒေန သမ္ပာဒေထ

ရဟန်းတို့. . .
မိန်းမသားတို့၏ အဆင်းရူပကာလောက်
ယောကျ်ားသားတို့၏စိတ်ကို
စွဲမက်စေတတ်သော၊
နှစ်သက်စေတတ်သော၊
ယစ်မူးစေတတ်သော၊
နှောင်ဖွဲ့စေတတ်သော၊
တွေဝေစေတတ်သော၊
နိဗ္ဗာန်ရောက်ရေးအတွက်
အနှောင့်အယှက်ပေးတတ်သော
အခြားတစ်စုံတစ်ခုသော အဆင်းကိုမျှ
ငါဘုရား မြင်တော်မမူ။

ပဉ္စကအင်္ဂုတ္တိုရ်၊ မာတာပုတ္တသုတ္တ။



## ကိုယ်ပိုင်ဥစ္စာ

သေမင်းနှိပ်စက်၍
လူ့ဘဝကို စွန့်သွားရသောသူအတွက်
သူ၏ ကိုယ်ပိုင်ဥစ္စာကား
သူမသေခင်က သူပြုသွားခဲ့သည့်
ကောင်းမှု, မကောင်းမှုပင်ဖြစ်သည်။
ထိုကောင်းမှု, မကောင်းမှုကို
ယူဆောင်၍ သွားရ၏။
သူပြုခဲ့သည့်
ကောင်းမှု, မကောင်းမှုတို့သည်
သူသွားရာသို့
အရိပ်ပမာ ပါသွားမြဲဖြစ်၏။

သဂါထာဝဂ္ဂသံယုတ်၊